

စာရေးဆရာကြီး

# ပီမိုးနင်း

ဇာတ်ညွှန်း - ဝေသာ

သရုပ်ဖော် - ကိုကိုနိုင်

အခြေခံမိတ်ဆက်စာစဉ်

အတ္ထုပ္ပတ္တိ

mgyoe.com

ကလေးလူငယ်များအတွက်နှင့်
စာဖတ်ကျင့်ရရှိရေး ရည်ရွယ်စီစဉ်သော
အခြေခံမိတ်ဆက်စာစဉ် (အတ္ထုပ္ပတ္တိ)

ISBN 9789997116352
BBB1
9 789997 116352
800.00 KS

mgyoe.com

စာရေးဆရာကြီး ပီမိုးနင်း၊ ဝေသာနှင့် ကိုကိုနိုင်
စာမျက်နှာ ၃၆ မျက်နှာ၊ ၁၄ • ၅ စင်တီ× ၂၀ •၇ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း၊
၂၀၁၉၊ မတ်လ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၈၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

အခြေခံမိတ်ဆက်စာစဉ်

# စာရေးဆရာကြီး ပီမိုးနင်း

ဇာတ်ညွှန်း – ဝေသာ

သရုပ်ဖော် – ကိုကိုနိုင်

ပထမအကြိမ် ၂၀၁၉

mgyoe.com

mgyoe.com

* စာဖတ်တတ်ခါစ ကလေးသူငယ်များ၊ လေ့လာသူ လူငယ်လူရွယ်လေးများ၊ မြန်မာစာ စတင်သင်ယူသူများ... အစရှိသဖြင့် ဖတ်ရှုနိုင်ရန် စီစဉ်သော စိတ်ကူးချိုချို၏ အခြေခံမိတ်ဆက်စာစဉ်များ ဖြစ်ပါသည်။
* ဤအစီအစဉ်များတွင် အရုပ်နှင့် အရောင်များသော အစဉ်အလာ မြန်မာပုံပြင်များ၊ ထင်ရှားသော မြန်မာလူမျိုးပုဂ္ဂိုလ်များ၏ ဘဝထုပ္ပတ်အကျဉ်းများ၊ လေ့လာမှတ်သားဖွယ် မြန်မာစာပေမိတ်ဆက်များ ပါဝင်ထွက်ရှိသွားမည် ဖြစ်ပါသည်။

mgyoe.com

mgyoe.com



mgyoe.com

mgyoe.com

mgyoe.com

# [ ၁ ]

၁၉၃၉ ခု၊ ဒီဇင်ဘာလ ၅ ရက်နေ့။

၁၃၀၁ ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် ၁၀ ရက်နေ့၊ ၁၉ ကြိမ်မြောက် အမျိုးသားနေ့။

ထိုနေ့၌ မြန်မာ့အလင်းသတင်းစာတိုက်မှ အမျိုးသားနေ့အောင်ပွဲ အခမ်းအနား ကျင်းပတော့မည့်အချိန်၏ နံနက်ပိုင်းဖြစ်သည်။

ထိုပွဲသို့ မြန်မာ့အလင်းတိုက်မှ ကာတွန်းဆရာ ဦးဟိန်းစွန်းကိုယ်တိုင် အသက် ၆၀ နီးပါးခန့် ဆရာကြီးတစ်ဦးအား ထိုပွဲသို့ ပင့်ဖိတ်လာခဲ့သည်။

"ဆရာ ပွဲကတော့ မစသေးဘူး"

"အေးကွ ..."

"ကျွန်တော် ... ဒီနားက စာအုပ်ဆိုင်ကို ခဏသွားလိုက်ဦးမယ်"

"သွား ... သွား ... ငါလည်း အပေါ့ပါးလေး သွားလိုက်ဦးမယ်"

mgyoe.com



mgyoe.com

mgyoe.com


ထိုဆရာကြီးမှာ အပေ့ါပါးသွားရန် မြန်မာ့အလင်းတိုက်ရှေ့ရှိ ဖိုက်စကွဲယားပန်းခြံ (ယခု မဟာဗန္ဓုလပန်းခြံ) ဘက်သို့ ကူးလာခဲ့သည်။

လမ်းအလယ်ရောက်သောအခါ တုန်ချည့်ချည့်ဖြင့်ဖြတ်လာသော ဆရာကြီးအား ဆေးရုံကြီးမှ လူတစ်ဦးစီးလာသော စက်ဘီးက အရှိန်ပြင်းပြင်းနှင့် ဝင်တိုက်လိုက်သည်။

ဆရာကြီးမှာ ကတ္တရာလမ်းပေါ်သို့ ပြုတ်ကျပြီး ပြန်မထနိုင်တော့ပေ။ အနီးနားမှလူများ ဝိုင်းအုံလာကြသည်။

အသက်အရွယ်ကြီးပြီဖြစ်သဖြင့် လူငယ်လို မဟုတ်ချေ။

"ထူပါဦးဟ"

"ဘယ်သူလဲ မသိဘူး ..."

mgyoe.com



mgype.com

mgyoe.com


မြန်မာ့အလင်းသတင်းစာတိုက်မှလူများ ရောက်ရှိလာပြီး ထိုဆရာကြီးအား ကြည့်ရှုတော့မှ အားလုံး အံ့အားသင့်သွားကြသည်။

"ဟာ ... ဆရာကြီး ပီမိုးနင်းပါလား ..."

"ဟော့ ... မြန်မြန်ဆေးရုံပို့မှဖြစ်မယ်"

ဆရာကြီးကား ဝိုင်းထူ၍ပင် မရပ်နိုင်။

"ဟော့ ... မြန်မြန်လုပ်ကြကွ"

.........................................................

.........................................................

သို့ဖြင့် ဆေးရုံကြီးသို့ ဝိုင်းပို့လိုက်ကြသည်။

*

mgyoe.com



mgyoe.com
mgyoe.com

# [ ၂ ]

ဆရာပီမိုးနင်းမှာ မြန်မာစာပေတော်လှန်ရေးသမားများအနက် ရှေးဦးကျသော တော်လှန်ရေးသမားကြီးပင် ဖြစ်သည်။


ထိုခေတ်က နဘော၊ ကာရန်၊ ရတုတို့ဖြင့် ဝတ္ထုများကို သရုပ်သဏ္ဌာန် ဖော်ကြသည်။ ဥပမာ – 'ဘာဏုရာဇာ နေစကြာလည်း၊ ဆည်းဆာရိုးရီ၊ တိမ်နီ၊ တိမ်ဝါ၊ တိမ်မိလ္လာ၊ တိမ်မကန်း၊ တိမ်မရမ်း၊ တိမ်စူကာ' စသောနိဒါန်းမျိုးနှင့် စချီတတ်ကြသည်။

ဆရာပီမိုးနင်းကား စကားစာစုတစ်ခုဖြင့် အပြီးရေးလေသည်။ ဆရာရေးပုံမှာ တိုတိုတုတ်တုတ်၊ ပြတ်ပြတ်သားသားပင်ဖြစ်သည်။ ထိုအဖွဲ့ကား စာတစ်ကြောင်းဖြင့် အဆုံးသတ်သည်။ (နေဝင်စအချိန်ဖြစ်၏) ဆိုသည့်မျိုး။

ဆရာ၏အရေးအသားကို ကြမ်းတမ်းသည်ဟု ဆိုကြသော်လည်း နောက်ပိုင်း ဆရာ့၏အရေးသားကို လက်ခံလာကြပြီး 'ပီမိုးနင်းမူ' ဟု ခေါ်လာကြသည်။

ဆရာပီမိုးနင်းမှာ မြန်မာလူမျိုးစစ်စစ်ဖြစ်သည်။ တချို့က နိုင်ငံခြားသွားနေသူဟု ထင်ကြသည်။ ငယ်စဉ်ကပင် ဘုန်းကြီးကျောင်း (အင်္ဂလိပ်) ၌ နေခဲ့သူဖြစ်သည်။

mgyoe.com




mgyoe.com

ဆရာပီမိုးနင်းမှာ အင်္ဂလိပ်ဘာသာကို ကျွမ်းကျင်ရုံတင်မက၊ လက်တင်ဘာသာကိုပင် ကျွမ်းကျင်တတ်မြောက်သူဖြစ်သည်။

ဆရာကြီးပီမိုးနင်း ရေးသားခဲ့သော စာအုပ်များမှာ မနည်းလှချေ။ လွန်ခဲ့သော နှစ်ပေါင်း ၈၀ ကျော်က ဆရာကြီးရေးသားခဲ့သော ဝတ္ထုစာအုပ်၊ တက်ကျမ်းများမှာ ယနေ့ခေတ်ထိတိုင် ရောင်းနေရဆဲ၊ ထုတ်ဝေနေရဆဲပင် ဖြစ်သည်။

ဆရာကြီးပီမိုးနင်းကို သုံးဆယ်မြို့၌ မွေးဖွားခဲ့သည်။ တန်ဆောင်မုန်း လဆန်း ၆ ရက်၊ ၁၂၄၅ ခုနှစ် မိုးနှင်းများဝေနေချိန်၌ မွေးဖွားခဲ့သည်။ ထို့ကြောင့် သူ့မွေးမိခင် ဒေါ်စိန်နုက မိုးနှင်းဟု ခေါ်ခဲ့သည်။ ဖခင်အမည်မှာ ဦးရွှေခမ်းဖြစ်သည်။ နေ့နံအရ နောင်မှ မောင်ကျော်ညွှန့်ဟု အမည်ပြောင်း ခဲ့သည်။

mgyoe.com



mgyoe.com
mgyoe.com

mgyoe.com


ငယ်စဉ်က သုံးဆယ်မြို့ အာစီအမ်ကျောင်း။ ထို့နောက် မော်လမြိုင်မြို့ ဆင်မီနရီကျောင်းတို့၌ ပညာသင်ကြားခဲ့သည်။

ထိုမှတစ်ဖန် ပီနံမြို့ရှိ ဂျင်နရယ်ကောလိပ်တွင် လောဂျစ်နှင့် ဖီလိုဆိုဖီ ပညာများလည်း တတ်မြောက်ခဲ့သည်။

mgyoe.com

mgyoe.com



mgyoe.com

ထို့နောက် ဆရာပီမိုးနင်းမှာ သာမဏေဝတ်ပြန်သည်။ ဆရာရင်းဗရင်ဂျီဘုန်းကြီးကြောင့် ကိုရင်ဘဝမှ ထွက်ခဲ့ပြီး ရုံးစာရေးလုပ်ခဲ့ရသည်။

mgyoe.com

mgyoe.com




mgyoe.com

mgyoe.com

တစ်နေ့ လယ်တီဆရာတော်ဘုရားကြီး၏ တရားပွဲကို နာကြားရာမှ ပဋ္ဌင်းဝတ်ကာ ဆရာတော်သွားလေရာသို့ လိုက်ပါခဲ့သည်။

mgyoe.com

mgyoe.com




mgyoe.com

mgyoe.com


ထို့နောက် ပဥ္စင်းဘဝမှ လူထွက်ပြီး သုံးဆယ်မြို့၌ ကျောင်းဆရာ လုပ်သည်။

ထိုသို့ သုံးဆယ်မြို့၌ ဆရာလုပ်ရင်း ပုံနှိပ်တိုက်ထောင်ကာ မြန်မာ မိတ်ဆွေ မဂ္ဂဇင်းကို ထုတ်ဝေခဲ့သည်။

ထိုအချိန်မှာ ပထမကမ္ဘာစစ်ဖြစ်ခါနီးချိန် ဖြစ်နေသည်။ လုပ်ငန်းမှာ မတွင်ကျယ်တော့ချေ။

မကြာမီ စစ်ဖြစ်လာ၍ လုပ်ငန်းရပ်ဆိုင်းသွားခဲ့သည်။

mgyoe.com